## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ

## အမိန့်ကြော်ငြာစာအမှတ်  ၁ /၂၀၂၃

## ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

## (၂၀၂၃ ခုနှစ်၊  ဧပြီလ ၁ ရက်)

မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၀၆ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

### အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာဝန်ဆောင်မှု အခကြေးငွေများ သတ်မှတ်ခြင်း

၁။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ (ည) အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုအမျိုးအစားအလိုက် ပေးသွင်းရမည့် အခကြေးငွေများအား အောက်ပါအတိုင်း သတ်မှတ်လိုက်သည်–

| စဉ် | လျှောက်ထားလိုသည့်ဝန်ဆောင်မှုအမျိုးအစား | အခကြေးငွေ (ကျပ်) |
|---|---|---|
| (က) | အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားမှုအား လက်ခံစစ်ဆေးခြင်း (TM–1) | ၁၅၀,၀၀၀ |
| (ခ) | သတ်မှတ်ထားသည့် စည်းကမ်းများပျက်ကွက်ခဲ့မှုကြောင့် အမှတ်တံဆိပ်မှတ်ပုံတင် ပြန်လည် လျှောက်ထားခွင့်ပြုရန် တောင်းဆိုမှုအား လက်ခံစစ်ဆေးခြင်း (TM–3) | ၁၀၀,၀၀၀ |
| (ဂ) | အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားချက်တွင် စာအရေးအသားအမှားနှင့် အခြားမှားယွင်းမှုများကို ပြင်ဆင်ပေးရန် တောင်းဆိုမှုအား စိစစ်ပြင်ဆင်ခြင်း (TM–4) | ၅၀,၀၀၀ |
| (ဃ) | အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားချက်ပါ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစားစာရင်းကို ကန့်သတ်ပေးရန် တောင်းဆိုမှုအား စိစစ်ကန့်သတ်ခြင်း (TM–6) | ၅၀,၀၀၀ |

| စဉ် | လျှောက်ထားလိုသည့်ဝန်ဆောင်မှုအမျိုးအစား | အခကြေးငွေ (ကျပ်) |
|---|---|---|
| (င) | အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းကို ခွဲခြားပေးရန် တောင်းဆိုမှုအား စိစစ်ခွဲခြားပေးခြင်း (TM–7) | ၁၀၀,၀၀၀ |
| (စ) | အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို ကန့်ကွက်လွှာ လျှောက်ထားမှုအား စစ်ဆေးခြင်း (TM–8) | ၁၅၀,၀၀၀ |
| (ဆ) | အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းအား မှတ်တမ်းတင်ခြင်း | ၁၅၀,၀၀၀ |
| (ဇ) | အမှတ်တံဆိပ် မှတ်ပုံတင်လက်မှတ် မိတ္တူမှန် ထုတ်ပေးရန် တောင်းဆိုမှုအား စိစစ်ခွင့်ပြုခြင်း (TM–9) | ၅၀,၀၀၀ |
| (ဈ) | အမှတ်တံဆိပ်မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသည့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အချက်အလက်များကို ပြင်ဆင်ပေးရန် တောင်းဆိုမှုအား စိစစ်ပြင်ဆင်ခြင်း (TM–10) | ၅၀,၀၀၀ |
| (ည) | အမှတ်တံဆိပ် မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားမှုအား စိစစ်မှတ်တမ်းတင်ခြင်း (TM–11) | ၃၀၀,၀၀၀ |
| (ဋ) | အမှတ်တံဆိပ်အခွင့်အရေးများ လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားမှုအား စိစစ်မှတ်တမ်းတင်ခြင်း (TM–12) | ၁၀၀,၀၀၀ |
| (ဌ) | မှတ်ပုံတင်ထားသောအမှတ်တံဆိပ်ကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားမှုအား စိစစ်မှတ်တမ်းတင်ခြင်း (TM–13) | ၁၀၀,၀၀၀ |
| (ဍ) | မှတ်ပုံတင်အမှတ်တံဆိပ်ကို တရားမဝင်ကြောင်း ကြေညာပေးရန် တောင်းဆိုမှုအား စစ်ဆေးခြင်း (TM–15) | ၁၅၀,၀၀၀ |
| (ဎ) | မှတ်ပုံတင်အမှတ်တံဆိပ်ကို ပယ်ဖျက်ပေးရန် တောင်းဆိုမှုအား စစ်ဆေးခြင်း (TM–16) | ၁၀၀,၀၀၀ |
| (ဏ) | ကိုယ်စားလှယ်အမည် ပြောင်းလဲပြင်ဆင်ပေးရန် တောင်းဆိုမှုအား စိစစ်ပြင်ဆင်ခြင်း (TM–17) | ၂၀,၀၀၀ |
| (တ) | သတ်မှတ်ထားသည့် အချိန်ကာလကို တိုးမြှင့်ပေးရန် တောင်းဆိုမှုအား စိစစ်ခွင့်ပြုခြင်း (TM–18) | ၅၀,၀၀၀ |
| (ထ) | အယူခံလျှောက်ထားမှုအား စစ်ဆေးခြင်း (TM–19) | ၅၀၀,၀၀၀ |

၂။ (က) TM-1 ၊ TM-11 ၊ TM-19 နှင့် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းအား မှတ်တမ်းတင်ခြင်း လျှောက်ထားမှုအတွက် သတ်မှတ်ထားသည့် အခကြေးငွေသည် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစားနံပါတ်တစ်ခုအတွက်သာ ဖြစ်သည်။

(ခ) TM-12 နှင့် TM-13 တို့၏ တောင်းဆိုမှုအတွက် သတ်မှတ်ထားသည့် အခကြေးငွေသည် အမှတ်တံဆိပ်တစ်ခုအတွက်သာ ဖြစ်သည်။

(ဂ) TM-3 ၊ TM-4 ၊ TM-6 ၊ TM-7 ၊ TM-8 ၊ TM-9 ၊ TM-10 ၊ TM-15 ၊ TM-16 ၊ TM-17 နှင့် TM-18 တို့၏ တော င်းဆိုမှုအတွက် သတ်မှတ်ထားသည့် အခကြေးငွေသည် တောင်းဆို လျှောက်ထားမှုတစ်ခုအတွက်သာ ဖြစ်သည်။

၃။ အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းဆိုင်ရာ ဝန်ဆောင်မှုအမျိုးအစားများအတွက် အခကြေးငွေများကို အခါအားလျော်စွာ စိစစ်၍ ပြင်ဆင်သတ်မှတ်ထုတ်ပြန်သွားမည်ဖြစ်သည်။

ပုံ

ညွန့်အောင်
ဥက္ကဋ္ဌ
မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ

စာအမှတ်၊ မပဥ - ၁၅ / ၂-၈ / ၂၀၂၃( ၀၀၁ )
ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင်<br>ထည့်သွင်းကြေညာပေးပါရန် |

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

ဒေါက်တာမိုးမိုးသွယ်
အတွင်းရေးမှူး